

# မိုလိုတော့ဗ်

စာစဉ်-၁ ၊ အမှတ်-၁



စစ်အာဏာရှင်၏ ဖိနှိပ်မှုနှင့်အတူ
သတင်းအမှောင်ချခြင်း၊ အင်တာနက်ဖြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။
ထို့ကြောင့်
၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန်
၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန်
မိုလိုတော့ဗ်-စာစဉ်ကို ဖြန့်ချိလိုက်ရပါသည်။

"ရန်သူက လက်နက်ကိုင်ဖိနှိပ်လာသောအခါ
လက်နက်ကိုင်တော်လှန်ရေးသည် ရှောင်လွှဲ၍မရသော နည်းလမ်းဖြစ်လာသည်။"



# အဲ့ဒါကို ပြောက်ကျားလို့သတ်မှတ်ခြင်း

ယခင်ရက်များက ပဲခူး ခရိုင်ရဲစခန်း အသံကျယ်ကျယ် နှစ်ခုကြားရပြီးနောက်ပိုင်း ရဲတယောက် သေတယ် ငါးဦးလောက် ဒဏ်ရာရတယ်၊ ဘယ်သူလုပ်မှန်း မသိဘူး၊ သတင်းတွေလည်းမကြားရဘူး၊ ကျနော်တို့တောင် အသံကြားမှ ဘာဖြစ်တာလဲနဲ့ သိရတာမဟုတ်လား။ ရဲစခန်းထဲမှာရှိတဲ့လူတွေတောင် သူတို့အတွက် မလုံခြုံဘူးဆိုတာသိဖို့ မသိမသာ လုပ်သွားတယ်။

မိသားစုတွေ၊ စခန်းထိုင်တဲ့သူတွေ နောက်ထပ်ဖြစ်မလား ကြောက်နေရမယ်၊ ဒါတောင် နေ့ခင်းကြီးဖြစ်တာ နှစ်ကြိမ်တောင် သူတို့လည်း ကြောက်နေလောက်ပြီ၊ ဘယ်သူက ဘယ်လိုလာလုပ်သွားမှန်းမှမသိတာ အဲ့တော့ သေတာပေါ့။

အဲ့ဒါပဲ ပြောက်ကျား ဆိုတာ...
မသိအောင်လုပ်ရတယ်
ကြောက်နေအောင်ထားရတယ်
ဘယ်နားမှာသေမလဲ တွေးနေအောင် လုပ်ရမယ်
ဘယ်လိုဆော်ခံရမလဲ မသိအောင်ထားရမယ်
ဘယ်နေရာမှ မလုံခြုံဘူးလို့ ခံစားနေစေရမယ်
ပြည်သူတွေက အများကြီးပါ
ဘယ်သူလဲ မသိအောင် လုပ်တတ်ရင်
သူတို့အတွက် အကြောက်တရားထည့်ပေးတာပဲ
တနေရာတည်းဖြစ်ရင် အဲ့ဒီနေရာပိုဖိခံရမယ်
တမြို့လုံးဖြစ်ရင်တော့
ဘယ်မှမသွားရဲလောက်အောင် အကြောက်တရားရသွားမယ်၊ လုံခြုံမှုမရှိတော့တာ သိရင် ပိုကြောက်ပါတယ်။
ဥပမာ စခန်းထဲနေတာတောင် သေတယ်ဆိုတော့
လမ်းပေါ်၊ ရပ်ကွက်ကြားမှာဆိုရင် ဘယ်လိုသေရမလဲ အဲ့ဒီအကြောက်တရား ထည့်ပေးထားရမယ်။

အဓိက သူတို့ကို အကြောက်တရားထည့်ပေးဖို့လိုတယ်၊ ကြောက်တတ်အောင်လည်း အမျိုးမျိုးလုပ်နေရမယ်၊ သူတို့တောင် နေ့တိုင်းပစ်ပြီး ခြောက်နေသေးတာ၊ မကြောက်လို့ နေ့တိုင်းလမ်းပေါ်ရောက်နေတာပဲကြည့်လေ။

အကြောက်တရား ဘယ်လိုထည့်ရမလဲ...
ဘယ်သူ့မှ မပြောနဲ့
ဘယ်နေရာလဲ မသိစေနဲ့
ဘယ်ကလုပ်သွားမှန်း မသိစေနဲ့
ဘာနဲ့လုပ်မှာလဲ မသိစေနဲ့
မြို့ခံပြည်သူတွေက ပိုသိပါတယ်၊
မသိဘဲ လမ်းထဲဝင်လာရင် ကိုယ့်လမ်းကိုယ်ပိုင်နေတာပဲ ဘယ်လိုလုပ်လုပ် အဲ့ဒါလည်း ပြောက်ကျားပါပဲ။

• • •

## သေဆုံးသူတို့ရဲ့အသံလွှင့်ရုံ

ရေဒီယို အစီအစဉ်တွေထဲက
သေနတ်သံတွေက ပြတ်သားကြည်လင်လှ
သွေးတွေကို လက်နဲ့ကိုင်ကြည့်လို့ရတဲ့အထိ
အသံက စေးပျစ်နေ

လမ်းပေါ်ကနေ ပစ်တယ်
အိမ်ထဲဝင်ပစ်တယ်
အပစ်ခံရလို့ သေသွားတဲ့ သူ့ရဲ့နာရေး
သူ့နာရေးပို့ဆောင်သူတွေကို ပစ်တယ်
ဖအေ့ရင်ခွင်ထဲက ကလေးတွေကို ပစ်တယ်
ကုတင်ပေါ်က အဘိုးအဘွားတွေကို ပစ်တယ်
အဖေ အမေတွေကို ပစ်တယ်
ဦးလေးနဲ့ အဒေါ်ကို ပစ်တယ်
ညီလေး ညီမလေးကိုပစ်တယ်

မိဘပြည်သူများခင်ဗျာ
အားလုံးကို ပစ်နေတာပါ
ခင်ဗျားတို့အသက်ရှူသံဟာ သူတို့ပစ်မှတ်ပဲ။

ရေဒီယိုက အသံတွေဟာ လမ်းပေါ်ထွက်လာ
လမ်းပေါ်က သေနတ်သံ သွေးသံတွေနဲ့အတူ
ရေဒီယိုထဲ ပြန်ဝင်သွားတယ်
ရေဒီယိုထဲအထိ စက်သေနတ်အတွဲလိုက် လိုက်ပစ်
ခုမနက်
သေဆုံးသူ ရေဒီယိုရဲ့ နာရေး။

သေဆုံးသူတွေက ဘာမှ မပြောတော့တဲ့အခါ
မသေဆုံးသူတွေရဲ့နားဟာ ခံနိုင်ရည်မဲ့သွား
မရှိတော့တဲ့ အသံတွေဟာ
ပေါက်ထွက်လာတဲ့ ဦးနှောက်အထွေးလိုက်လို
ခုန်ထွက်လာတဲ့ အဆုတ်တလုံးလို
တိတ်ဆိတ်မှုဟာ
ပွဲတင်တထပ်ထပ် ထပ်နေ

လင်းခါး
မတ် ၂၉ ၂၀၂၁





"အကောင်းအတိုင်းပြန်လာမယ်လို့
အာမမခံနိုင်တဲ့ ခရီးကိုသွားတဲ့အခါ
နှောင်ကြိုးတွေက ခွင့်လွှတ်ပေးပါ"

မသင်ဇာဟိန်း
(၂၈.၃.၂၀၂၁ နေ့တွင်ကျဆုံးသည်)






"ပစ်ချင်ရင် ငါ့ကိုပစ်
ကလေးတွေကိုမပစ်နဲ့"

ကိုဝင်းမင်းဦး(ခ)အထုပ်
အသက်(၃၅)နှစ်
(၂၈.၃.၂၀၂၁၊လှိုင်သံလမ်းဌကျဆုံးသည်)

"ငါတို့
နွေဦးမမွှန်နိုင်တဲ့အခါ
မင်းတို့ကောင်တွေ
အရှင်ထွက်ရမယ်မထင်နဲ့"

အောင်ဆန်းဦး
(၂၈.၃.၂၀၂၁ မုံရွာမြို့တွင်ကျဆုံးသည်)



စခန်းထဲ ဝင်ရောက်မီးရှို့တယ်။ လက်နက်ကြီးတွေပါတဲ့ ရန်သူအင်အား ၅၀ လောက်ကို ပြည်သူတွေက လေးငါးနာရီကြာ ခုခံတိုက်ခိုက်နိုင်တယ်ဆိုတာ ပွဲဦးထွက်တိုက်ပွဲတပွဲအနေနဲ့ မဆိုးလှဘူးလို့ ပြောရပါမယ်။ မုဆိုးစိုင်သင်သဘောတိုက်ပွဲအတွေ့အကြုံတွေရှိလာတဲ့အခါ ပိုမိုလက်သံပြောင်တဲ့ တိုက်ပွဲတွေ ဆင်နွှဲလာနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ ပြောက်ကျားစစ်ပွဲနဲ့ပတ်သက်တဲ့ စာစောင်စာတမ်းတွေ အတွေ့အကြုံတွေကိုလည်း လေ့လာသင်ယူကြရပါမယ်။

ချင်းပြည်သူတွေ ရွေးချယ်လိုက်တဲ့ တိုက်ပွဲလမ်းကြောင်းကတော့ ကျေးလက်ကိုအခြေခံပြီး ဆင်နွှဲတဲ့ ပြောက်ကျားစစ်ပွဲပါ။ ချင်းပြည်နယ် ပြည်သူလူထုက ကျေးလက်ပြည်သူ့ပြောက်ကျားစစ်ပွဲရဲ့ သေနတ်သံကို ပထမဆုံးပစ်ဖောက်လိုက်တာမို့ ချင်းပြည်သူများကို ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ်။ ချင်းပြည်သူတွေရဲ့ ပွဲဦးထွက်ကမ္ဘာ့နီတိုက်ပွဲနဲ့ တောင်ခရမ်းတိုက်ပွဲဟာ သမိုင်းတွင် ကျန်ရစ်မှာပါ။

ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားတိုက်ပွဲဝင်နေကြတဲ့ တပြည်လုံးက ပြည်သူလူထုအနေနဲ့လည်း ချင်းပြည်နယ်က ပြည်သူလူထုကို စံနမူနာယူကာ လက်နက်ကိုင်တော်လှန်ရေးကို ပြတ်ပြတ်သားသား ဆင်နွှဲရမယ့် အချိန်ရောက်ပါပြီ။ ချင်းပြည်နယ်က အခြား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေနဲ့ အခြားလူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့တွေကလည်း ချင်းပြည်သူတွေကိုယ်တိုင်ဆင်နွှဲတဲ့ လက်နက်ကိုင် ပြည်သူ့စစ်ပွဲကို လှိုက်လှိုက် လှဲလှဲကြိုဆိုပြီး အားပေးကူညီသင့်ပါတယ်။ ရန်သူကလည်း ချင်းပြည်နယ်ရဲ့ ပြည်သူ့လက်နက်ကိုင်စစ်ပွဲကို အင်အား အလုံးအရင်းသုံးပြီး ချေမှုန်းဖို့ကြိုးပမ်းလာမှာ သေချာပါတယ်။ ချင်းပြည်နယ် ပြည်သူတွေရဲ့ အားကောင်းချက်ကတော့ ချင်းပြည်နယ်မှာ တူမီးသေနတ်တွေပေါများခြင်းနဲ့ ခိုလှုံစရာ တောတောင်လျှိုမြောင်တွေ ပေါများခြင်း၊ ပြည်သူလူထုရဲ့ ညီညွတ်ခြင်း ဖြစ်ပါတယ်။

ဘယ်ပြည်ပအကူအညီမှ မမျှော်ကိုးဘဲ ပြည်သူတွေ ကိုယ်တိုင်ဆင်နွှဲတဲ့ ပြည်သူ့စစ်ပွဲကို အစပြုလိုက်ပါပြီ။ ချင်းပြည်သူတွေက ချင်းတောင်တန်းမှာ ပြောက်ကျားစစ်မီးပွားလေးကို စတင်ရှို့လိုက်ပါပြီ။ မကြာမီ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတို့မှာ လက်နက်ကိုင်တော်လှန်ရေးရဲ့ မီးတောက်မီးလျှံတွေ ထိန်ထိန်ထိန်ညီးအောင် တောက်လောင်လာတော့မှာ ဧကန်မလွဲပါ။

ပြည်သူ့စစ်ပွဲမီးပင်လယ်အတွင်းမှာ ရန်သူဖက်ဆစ်စစ်အုပ်စုနဲ့ မိုက်ဖော်ဆိုးဖက်များ၊ လက်ကိုင်တုတ် ကြေးစား စစ်ခွေးတပ်၊ ရဲတပ်တို့ကို စုံးစုံးမြုပ်အောင် နှစ်မြှုပ်ပစ်ကြပါစို့။

● မောင်လှဝင်း(မြင်းခြံ)





# စစ်ရေးစစ်ရာမှတ်စုများ(၁)

● ဘိုးဒေါင်း ●



လက်နက်ကိုင်တိုက်ပွဲမှန်သမျှ ပြောက်ကျားတိုက်ပွဲပဲဖြစ်ဖြစ် စခန်းသိမ်းတိုက်ပွဲပဲဖြစ်ဖြစ်ပေါ့။ စစ်ဆိုတာ သေဆုံးခြင်းနဲ့ ရှင်ခြင်းကြားက ရပ်ဝန်းတခုလို့မှတ်ပါ။ တည်မြဲခြင်းနဲ့ ရှင်သန်ခြင်းရဲ့ လမ်းကြောင်းတခုလည်းဖြစ်တယ်။ ဒါကြောင့် စေ့စေ့စပ်စပ် သေသေချာချာ မလေ့လာမသုံးသပ်လို့မရဘူး။ ချင့်ချင့်ချိန်ချိန် ဆင်ဆင်ခြင်ခြင် သဘောထားမသုံးသပ်လို့မရဘူး။

ဒီတော့ စစ်ရေးစစ်ရာပြိုင်ဖက်အတွက် နှိုင်းယှဉ်အကဲဖြတ် ခွဲခြမ်းစိတ်ဖြာဖို့ ကြောင်းချင်းရာ(၅)ရပ်ကို ဦးစွာဖော်ပြလိုက်တယ်။

(၁) စစ်ပြုခြင်းမှာ လူထုဆန္ဒနဲ့ကိုက်ညီမှုရှိပြီး မိမိတပ်ဟာ တရားနည်းလမ်းတကျ အခြေပြုထားတဲ့တပ်ဖြစ်ရမယ်။ တပ်သားတွေဟာ စစ်သည်တော်ကျင့်ဝတ်နဲ့ သီလရှိဖို့လိုတယ်။ (ဒီအချက်တွေက GZ တို့ရဲ့ ဖက်ဒရယ်တပ်မှာ ပြီးပြည့်စုံပြီးသားဖြစ်တယ်ဆိုတာ ငြင်းစရာမရှိ မှန်နေတယ်)။

(၂) အချိန်အခါချင့်တွက်နိုင်ရမယ်။ Times & Space ကိုပြောတာ။ Space ဆိုတာ ကိုယ်တိုက်ခိုက်မယ့်နေရာအရပ်ရဲ့ ပထဝီသဘောတရားကိုသိရမယ်။ ထွက်ပေါက် ဝင်ပေါက်ကအစပေါ့။ Times ကတော့ တိုက်ခိုက်ဖို့ ရွေးချယ်

ဆောင်းပါး

မယ့်အချိန်ကိုပြောတာ။ အလစ်အငိုက်လက်ဦးမှုရယူဖို့ သင့်လျော်ကောင်းမွန်တဲ့ ကာလတခုကို ရွေးချယ်ရမယ်။ နွေ မိုး ဆောင်း ဥတုသုံးပါးလည်း ထည့်တွက်ရတယ်။ နေ့နဲ့ညကာလစဉ်လည်းလိုအပ်တယ်။

(၃) ပထဝီသဘောဖြစ်တဲ့ စစ်ခင်းရာမြေပြင်ကို သိအောင်အရင်လုပ်ပါ။ ပတ်ဝန်းကျင်အခြေအနေ။ သဘာဝ တောတောင်ရေမြေ၊ ချိုင့်ဝှမ်း၊ လျှိုမြောင်၊ ကမူ၊ အိမ်ခြံမြေ၊ လမ်းကြိုလမ်းကြား တိုက်ကြိုတိုက်ကြားမှအစ ကိုယ့်အင်အားစု ခိုအောင်းရာနေရာနဲ့ အနီးအဝေး၊ နယ်မြေအကျဉ်းအကျယ်၊ ရေမြောင်း၊ ပိုက်လိုင်းမကျန် ပထဝီနယ်ကိုသိနေရမယ်။

(၄) စစ်ကိုဦးစီးမယ့်ဦးဆောင်သူရဲ့အနေအထား(စစ်သေနာပတိ)အင်္ဂါရပ်မှာ ဉာဏ်ပညာနဲ့ စဉ်းစားချင့်ချိန်နိုင်စွမ်းရှိရမယ်။ သစ္စာကတိရှိပြီး တည်ကြည်ခိုင်မြဲစိတ်ရှိရမယ်။ သတ္တိပြည့်ဝရမယ်။ လက်အောက်က အကြပ်တပ်သားတွေ အပေါ် လေးစားစိတ်ရှိရမယ်။ သဘောထားကြီးမြတ်သူဖြစ်ရမယ်။ တင်းကြပ်တိကျသေချာမှုနဲ့ စူးရှထက်မြက်မှုရှိရမယ်။

(၅) စည်းကမ်းတကျ၊ နည်းလမ်းတကျဖွဲ့စည်းမှု၊ ထိန်းကြောင်းမှုလိုတယ်။ အဖွဲ့အစည်းနဲ့စစ်ချီလှုပ်ရှားပုံ၊ အထက်အောက် အမိန့်စီးဆင်မှု၊ တာဝန်ဝတ္တရားနဲ့ ဆက်ဆံနေထိုင်ရေး။ လက်နက်ခဲယမ်းမီးကျောက် ရိက္ခာအသုံးအဆောင်ပိုင်း စတာတေဟာ ဖွဲ့စည်းမှုအပိုင်းတွေကို သိရှိနားလည်ထားရမယ်။

ကဲ ဒါတွေဟာ စစ်ရေးစစ်ရေးအကဲဖြတ်ဝေဖန်သုံးသပ်ဖို့ အခြေခံအကြောင်းခြင်းရာတွေပဲ။

နောက်တပတ်မှာ ကျန်တဲ့စစ်ရေးစစ်ရာကြောင်း ပြောကြမယ်။

● ဘိုးဒေါင်း




ဆောင်းပါး



# ချင်းပြည်သူတို့ ပြည်သူ့စစ်ပွဲကိုစတင်လိုက်ပြီ

● မောင်လှဝင်း(မြင်းခြံ) ●



ကလေးမြို့နယ်က ပြည်သူတွေ မြို့ပေါ်မှာမနေဘဲ ကျေးလက်ဆင်းခဲ့တဲ့သတင်းတွေ ပထမဦးဆုံး စတင်ကြားရပါတယ်။ အခုတော့ ကျေးလက်တွေမှာ ပြည်သူတွေ ပစ်ခတ်လိုက်တဲ့ သေနတ်သံတွေ စတင်မြည်ဟည်းလာခဲ့ပါပြီ။

ရန်သူက လက်နက်အင်အားတောင့်တင်းပါတယ်။ ချင်းပြည်သူတွေကတော့ ရရာလက်နက်နဲ့ ပြည်သူ့စစ်ပွဲကို စတင်ဆင်နွှဲရတာပါ။ ရိုးရာ တူမီးသေနတ်တွေကိုပဲ အများစုက ကိုင်စွဲရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ချင်းပြည်သူအားလုံးက စစ်အာဏာရှင် ဖက်ဆစ်တပ်ကို တူးတူးခါးခါး ရွံမုန်းနေကြတာ ဖြစ်ပါတယ်။ ချင်းပြည်သူအားလုံး ပါဝင်ဆင်နွှဲနိုင်ရင် ဒါဟာ ရန်သူထက် သာလွန်တဲ့ အင်အားဖြစ်ပါတယ်။ ပွဲဦးထွက် တိုက်ပွဲတွေမှာ တိုက်ပွဲအချိန်ကြာပြီး ၂ ဖက် သေဆုံးသူ အနည်းအကျဉ်းသာ ရှိခဲ့ပါတယ်။

ချင်းပြည်သူတွေဟာ ကျေးလက်အခြေခံပြီး ပြောက်ကျားစစ်ဆင်နွှဲတယ်လို့ ပြောလို့ရပါတယ်။ သချိုင်းကုန်းမှာ စစ်ခွေးတပ် ထမင်းစားနေစဉ် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်တယ်။ ရန်သူ့ကားတန်းကို ဖြတ်တိုက်တယ်။ ရန်သူ့တပ်

ဆောင်းပါး